IOM
UN MIGRATION

# စစ်တွေမြို့နယ်
## အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်
## ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ။



USAID
FROM THE AMERICAN PEOPLE

IDM-RAND

Improved Disaster Management and Resilience Against Natural Disaster

# မာတိကာ


ကျေးဇူးတင်ဂုဏ်ပြုလွှာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆

စစ်တွေမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အမှာစာ . . . . . . . . . . . . . . . . . . . . ၇

အခန်း (၁) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ် . ၈

၁. ၁ နောက်ခံသမိုင်းကြောင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

၁. ၂ ရည်မှန်းချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၈

၁. ၃ အကျိုးရလဒ်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၉

၁. ၄ လုပ်ငန်းစဉ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၉

အခန်း (၂) စစ်တွေမြို့နယ် ဘေးအန္တရာယ်သက်ရောက်နိုင်ခြေနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ထိခိုက်ခံရလွယ်မှု ဆန်းစစ်ချက်. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁

၂. ၁ ဆိုင်ကလုန်းမုန်တိုင်း (ဆိုင်ကလုန်းမုန်တိုင်းလေတိုက်ခတ်နှုန်း ၁နာရီ မိုင် ၅၀ နှင့် ၁၀၀ အကြား ဖြစ်စဉ်) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁

၂. ၂ ထိခိုက်ခံရလွယ်မှု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃

၂. ၂. ၁ ဆိုင်ကလုန်း လေတိုက်ခတ်နှုန်း ၁နာရီ မိုင် (၅၀ နှင့် ၁၀၀ အကြား). . . . . . . . . . . . . . . . ၁၃

၂. ၂. ၃ စစ်တွေမြို့နယ် အရေးပေါ်ကာလရွှေ့ပြောင်းနေရာချထားရန်ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှု . ၁၅

အခန်း (၃) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကဏ္ဍအသီးသီး ဖွဲ့စည်းပုံ . . . . . . . . . . ၂၀

၃. ၁ စစ်တွေမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် အခန်းကဏ္ဍအလိုက် ဖွဲ့စည်းပုံ. ၂၀

၃. ၂ စစ်တွေမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၀

၃. ၂. ၁ စစ်တွေမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဖွဲ့စည်းပုံ. . . . . . . . . . . . . . . . . . . . . . . . . . ၂၁

၃. ၂. ၂ စစ်တွေမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ချိတ်ဆက်မှုပြပုံစံ . . . . . . . . . . . . . . . . . . . . . ၂၂

၃. ၂. ၃ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနများချိတ်ဆက်မှုပြဇယား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၂

၃. ၃ စစ်တွေမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၃

၃. ၃. ၁ စစ်တွေမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . . . . . ၂၃

၃. ၃. ၂ စစ်တွေမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ချိတ်ဆက်မှုပုံစံ. . . . . . . . . . . . . . . . . . . . . . ၂၅

၃. ၃. ၃ ကြိုတင်သတိပေးချက်ကဏ္ဍ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်ဌာနများချိတ်ဆက်ခြင်း ပြဇယား. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၆

၃. ၄ စစ်တွေမြို့နယ် ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . ၂၆

၃. ၄. ၁ စစ်တွေမြို့နယ် ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . ၂၆

၃. ၄. ၂ စစ်တွေမြို့နယ် ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ ချိတ်ဆက်မှုပုံစံ . . . . . . . . . . . . ၂၇

၃. ၄. ၃ ရှာဖွေကယ်ဆယ်ရေးကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများချိတ်ဆက်မှု ပြဇယား. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၇

၃. ၅ စစ်တွေမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ . . . . . . . . . . . . . . . . . . . . . . . . . . . ၂၈

၃. ၅. ၁ စစ်တွေမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဖွဲ့စည်းပုံ . . . . . . . . . . . . . . . . . . . . . ၂၈

၃. ၅. ၂ စစ်တွေမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ချိတ်ဆက်မှု ပုံစံ . . . . . . . . . . . . . . . . . ၃၀

၃. ၅. ၃ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုပြဇယား ........................................................ ၃၁
၃. ၆ စစ်တွေမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ........................................ ၃၂
၃. ၆. ၁ စစ်တွေမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ဖွဲ့စည်းပုံ ........................ ၃၂
၃. ၆. ၂ စစ်တွေမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ချိတ်ဆက်မှုပုံစံ.................... ၃၃
၃. ၆. ၃ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများချိတ်ဆက်မှု ပြဇယား ........................................................ ၃၃
၃. ၇ စစ်တွေမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးကဏ္ဍ ................ ၃၄
၃. ၇. ၁ စစ်တွေမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးကဏ္ဍ လုပ်ငန်းအတွက် ဖွဲ့စည်းပုံ ........................................................ ၃၄
၃. ၇. ၂ စစ်တွေမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးကဏ္ဍ ချိတ်ဆက်မှုပြပုံစံ.. ၃၆
၃. ၇. ၃ စစ်တွေမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်ခြင်းပြဇယား ........................ ၃၇
၃. ၈ စစ်တွေမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ ....... ၃၇
၃. ၈. ၁ စစ်တွေမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးလုပ်ငန်းကဏ္ဍ ဖွဲ့စည်းပုံ ........................................................ ၃၇
၃. ၈. ၂ စစ်တွေမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးလုပ်ငန်းကဏ္ဍ ချိတ်ဆက်မှုပြပုံစံ ........................................................ ၃၉
၃. ၈. ၃ စစ်တွေမြို့နယ် ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုပြဇယား...................... ၃၉
အခန်း (၄) စစ်တွေမြို့နယ် အရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ........................................................ ၄၁
၄. ၁ အရေးပေါ်အခြေအနေကြိုတင်ပြင်ဆင်ရေး........................................ ၄၁
၄. ၂ ရာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး................ ၄၁
၄. ၃ သဘာဝဘေးကျရောက်နေသည့်အဆင့်တွင် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် သတ်မှတ်ထားရှိချက်........................ ၄၁
၄. ၄ စစ်တွေမြို့နယ် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးကဏ္ဍ အသီးသီးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ........................................................ ၄၃
၄. ၄. ၁ စစ်တွေမြို့နယ်ပေါင်းစပ်ညှိနှိုင်းရေးကဏ္ဍ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ .......... ၄၃
၄. ၄. ၃ စစ်တွေမြို့နယ်ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ၄၆
၄. ၄. ၄ စစ်တွေမြို့နယ်ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ..... ၄၇
၄. ၄. ၅ စစ်တွေမြို့နယ် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ.... ၅၀
၄. ၄. ၆ စစ်တွေမြို့နယ် ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးကဏ္ဍ၏ စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များ ........................................................ ၅၃
၄. ၄. ၇ စစ်တွေမြို့နယ် ကနေဦးဆန်းစစ်မှုနှင့်ပျက်စီးဆုံးရှုံးမှုစာရင်း ကောက်ယူရေးကဏ္ဍ၏ စံသတ်မှတ်ထားသောလုပ်ငန်းစဉ်များ........................................................ ၅၄
အခန်း (၅) စစ်တွေမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းစဉ်များ လုပ်ဆောင်ရန် တုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီး၏ အရင်းအမြစ်နှင့် လိုအပ်ချက်များ ........................ ၅၆

၅. ၁ စစ်တွေမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဒေသတွင်းရှိ အရင်းအမြစ်များ၊ လိုအပ်ချက်နှင့် ကွာခြားချက်များ ........................................................................ ၅၆
၅. ၂ ကြိုတင်သတိပေးချက်ကဏ္ဍဒေသတွင်းရှိ အရင်းအမြစ်များ၏ လိုအပ်ချက်နှင့်ကွာခြားချက်များ ..... ၅၇
၅. ၃ ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးကဏ္ဍဒေသတွင်းရှိ အရင်းအမြစ်များ၏ လိုအပ်ချက်နှင့် ကွာခြားချက်များ ........................................................................ ၅၈
၅. ၄ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍဒေသတွင်းရှိအရင်းအမြစ်များ၏လိုအပ်ချက်နှင့်ကွာခြားချက်များ .... ၆၀
၅. ၅ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍဒေသတွင်းရှိ အရင်းအမြစ်များနှင့် ကွာခြားချက်နှင့် လိုအပ်မှု ပြဇယား ၆၂
၅. ၆ ထောက်ပံ့ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးကဏ္ဍတွင် အသုံးပြုမည့်အရင်းအမြစ်များနှင့် ကွာခြားချက်နှင့်လိုအပ်မှုပြ ဇယား ................................................ ၆၄
၅. ၇ ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှု စာရင်းကောက်ယူရေးကဏ္ဍတွင် အရင်းအမြစ်များနှင့် ကွာခြားချက်နှင့် လိုအပ်မှုပြ ဇယား ........................................................ ၆၅
အခန်း(၆) စစ်တွေမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပေါင်းစပ်ဆောင်ရွက်မှု လုပ်ငန်းစဉ်ပြပုံစံ ................................................ ၆၇
၆. ၁ တုံ့ပြန်ဆောင်ရွက်ရေး ကဏ္ဍအသီးသီးအတွက်အစိုးရဌာန အသီးသီးနှင့်အခြားသော ပူးပေါင်းပါဝင်ဆောင်ရွက်သူ (Stakeholders) များ၏ ချိတ်ဆက်မှုပြပုံစံ ................................ ၆၇
နောက်ဆက်တွဲ .................................................................. ၆၉
နောက်ဆက်တွဲ (၁) စစ်တွေမြို့နယ်အတွင်းရှိ အစိုးရဌာနများ............................ ၆၉
နောက်ဆက်တွဲ (၂) စစ်တွေမြို့နယ်အတွင်းရှိ ရပ်ကွက်များအခြေပြု ခိုလှုံရာနေရာဖော်ထုတ်ထားရှိမှုနှင့် ဆိုင်ကလုန်းမုန်တိုင်း ခိုလှုံရာနေရာလိုအပ်ချက်........................................ ၇၁
နောက်ဆက်တွဲ (၃) စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာများအခြေပြု ခိုလှုံရာနေရာဖော်ထုတ်ထားရှိမှုနှင့် ဆိုင်ကလုန်းမုန်တိုင်း ခိုလှုံရာနေရာလိုအပ်ချက်........................................ ၇၇
နောက်ဆက်တွဲ (၄) စစ်တွေမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများအခြေပြု ခိုလှုံရာနေရာဖော်ထုတ်ထားရှိမှုနှင့် ဆိုင်ကလုန်းမုန်တိုင်း ခိုလှုံရာနေရာ လိုအပ်ချက်.................................... ၈၄
နောက်ဆက်တွဲ (၅) ကျေးရွာအလိုက်ကူတိုး (သို့) လိုင်းကောင်စာရင်းများ ..................... ၈၅
နောက်ဆက်တွဲ (၆) စစ်တွေမြို့နယ်အတွင်းရှိ မှတ်ပုံတင်ရေးအဆင့်ဆင့်တွင်ဖွဲ့စည်းထားရှိသော အဖွဲ့အစည်းများစာရင်း .............................................................. ၈၆
နောက်ဆက်တွဲ (၇) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီမိုင် ၅၀နှင့် ၁၀၀ အကြားတိုက်ခတ်ခြင်းကြောင့် ထိခိုက်ခံရလွယ်သော မြို့ပေါ်ရပ်ကွက်စာရင်း (Vulnerable Population) ........................ ၈၇
နောက်ဆက်တွဲ (၈) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီမိုင် ၅၀နှင့် ၁၀၀ အကြားတိုက်ခတ်ခြင်းကြောင့် ထိခိုက်ခံရလွယ်သောကျေးရွာစာရင်း (Vulnerable Population) ................................ ၈၉
နောက်ဆက်တွဲ (၉) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီမိုင် ၅၀နှင့် ၁၀၀ အကြားတိုက်ခတ်ခြင်းကြောင့် ထိခိုက်ခံရလွယ်သောကယ်ဆယ်ရေးစခန်းများစာရင်း (Vulnerable Population) .................... ၉၁
နောက်ဆက်တွဲ (၁၀) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းကောက်ယူမည့်ပုံစံ......... ၉၃

နောက်ဆက်တွဲ (၁၁) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းကောက်ယူသည့် Website နှင့် Kobo Application .......... ၉၅
အကိုးအကားများ .......... ၉၆

## ဇယားများ

ဇယား (၁) အန္တရာယ်အမျိုးအစားအလိုက် ထိခိုက်ခံရလွယ်မှုအဆင့် .......... ၁၃
ဇယား (၂) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီ မိုင် (၅၀ နှင့် ၁၀၀အကြား) တိုက်ခတ်မှုကြောင့် ထိခိုက်ခံရလွယ်သော ကျေးရွာများစာရင်း (Vulnerable Population) .......... ၁၅
ဇယား (၃) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီ မိုင် (၅၀နှင့် ၁၀၀ အကြား) တိုက်ခတ်မှုကြောင့်ထိခိုက်ခံရလွယ်သော မြို့ပေါ်ရပ်ကွက်စာရင်း (Vulnerable Population) .......... ၁၆
ဇယား (၄) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီ မိုင် (၅၀ နှင့်၁၀၀ အကြား) တိုက်ခတ်မှုကြောင့်ထိခိုက်ခံရလွယ်သော ကယ်ဆယ်ရေးစခန်းစာရင်း (Vulnerable Population) .......... ၁၇

## ပုံများ

ပုံ (၁) စစ်တွေမြို့နယ် ဆိုင်ကလုန်းဘေးအန္တရာယ် သက်ရောက်နိုင်ခြေပြမြေပုံ (၁ နာရီ မိုင် ၅၀ နှင့် ၁၀၀ ကြား) .......... ၁၂
ပုံ (၂) စစ်တွေမြို့နယ် ဆိုင်ကလုန်းဘေးအန္တရာယ် ထိခိုက်ခံရလွယ်မှုပြမြေပုံ (၁ နာရီ မိုင် ၅၀ - ၁၀၀ ကြား) . ၁၄
ပုံ (၃) စစ်တွေမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ပြောင်းရွှေ့နေရာချထားရန်နှင့် ခိုလှုံရာနေရာများ အခြေအနေ .......... ၁၈
ပုံ (၄) စစ်တွေမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ထိခိုက်ခံရလွယ်မှုများသော ကျေးရွာများနှင့် ခိုလှုံရာနေရာ လိုအပ်မှုပြ မြေပုံ .......... ၁၉

# Abbreviation

| | |
|---|---|
| ACF | ACTION CONTRE LA FAIM |
| BAJ | Bridge Asia Japan |
| CDNH | Center for Diversity and National Harmony |
| CFSI | Community and Family Services International |
| DRC | Danish Refugee Council |
| ICRC | International Committee of The Red Cross |
| IOM | International Organization for Migration |
| IRC | International Rescue Committee |
| LWF | Lutheran World Federation |
| Mercy Corps | Mercy Corps Myanmar |
| MHAA | Myanmar Health Assistant Association |
| MHDO | Myanmar’s Heart Development Organization |
| MRCS | Myanmar Red Cross Society |
| MRF | Metta Resource Foundation |
| MSF | Medecins Sans Frontieres |
| NRC | Norwegian Refugee Council |
| Oxfam | Oxfam International |
| Plan | Plan International Myanmar |
| RI | Relief International |
| SCI | Save the Children International |
| SI | Solidarities International |
| UNFAO | Food and Agriculture Orgaization of the United Nations |
| UNFPA | United Nations Popoulation Fund |
| UNICEF | United Nations International Children's Emergency Fund |
| UNOCHA | United Nations Office for the Coordination of Humanitarian Affairs |
| WFP | World Food Programme |

# ကျေးဇူးတင်ဂုဏ်ပြုလွှာ

စစ်တွေမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်ကို သဘာဝဘေးအန္တရာယ်ကျရောက်လာပါက မြို့နယ်အတွင်းဌာနဆိုင်ရာများမှ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်တကွ မြို့နယ်အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ဝင် ဌာနဆိုင်ရာများ၏ ဦးဆောင်မှု၊ ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ နည်းပညာပံ့ပိုးကူညီမှု၊ အစိုးရမဟုတ်သော လူမှုရေး အဖွဲ့အစည်းများနှင့် ပိုမိုပြည့်စုံပြီး သက်ဝင်လှုပ်ရှားမှုရှိသော စီမံချက်ဖြစ်ပေါ်လာစေရန် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူ အားလုံးနှင့် ကျယ်ကျယ်ပြန့်ပြန့်တိုင်ပင် ဆွေးနွေးခြင်း၊ ဒေသတွင်ရှိနိုင်သည့် အရင်းအမြစ်များ လိုအပ်ချက်များအား ဆန်းစစ်အကဲဖြတ်မှုများပြုလုပ်ခြင်း၊ လိုအပ်သော အချက်အလက်များကို ဌာနဆိုင်ရာများမှတဆင့် ကောက်ယူခြင်းစသည့် အချက်များပေါ်အခြေခံသော လုပ်ငန်းစဉ်များဖြင့် စီမံချက်ကို အားဖြည့် ရေးဆွဲထားသည်။

ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းအနေဖြင့် ဤမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာအရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ရေးဆွဲရာတွင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရသဖြင့် ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့်တကွ သက်ဆိုင်ရာဌာနအကြီးအကဲများ၊ အစိုးရမဟုတ်အဖွဲ့အစည်းများအားလုံးကိုများစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ဤစီမံချက်ရေးဆွဲနိုင်ရေးနှင့် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရေးအတွက် ငွေကြေးဖြင့်ပံ့ပိုးကူညီပေးခဲ့သော USAID/ OFDA ကိုလည်းများစွာကျေးဇူးတင်ရှိပါသည်။

စစ်တွေမြို့နယ်အတွင်း အန္တရာယ်အမျိုးမျိုးကျရောက်နိုင်ခြေ အမျိုးအစားအလိုက်၊ ထိခိုက်ဆုံးရှုံးနိုင်ခြေအများဆုံးဖြစ်နိုင်သည့် ဆိုင်ကလုန်းဘေး (၁နာရီ မိုင် ၅၀-၁၀၀အကြား ဘေးအန္တရာယ်ဖြစ်စဉ်ဖြစ်ရပ်ကို အခြေခံပြီးအရေးပေါ်အခြေအနေ ကြိုတင်ပြင်ဆင်ရေးနှင့်တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာကဏ္ဍများအတွက် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများကို ကြိုတင်ဆွေးနွေးဖော်ထုတ်ထားသည်။ သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထုများအတွက် ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်ပေးရန်မြို့နယ်အစိုးရဌာနဆိုင်ရာများအတွက် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးစီမံချက် (Emergency Response Contingency Plan) ကိုသဘာဝဘေးလျော့ပါးရေးဆိုင်ရာများ တွင် ထည့်သွင်းစဉ်းစားနိုင်ရန်ဖော်ထုတ် ဆွေးနွေးထားပါသည်။

ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းသည် အလားတူ မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာအရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်ရေးလုပ်ငန်းစီမံချက်ကို ရခိုင်ပြည်နယ်အတွင်းရှိ စီမံကိန်းလွှမ်းခြုံရာ ပေါက်တော၊ မြေပုံ၊ မင်းပြား၊ မောင်တောနှင့် ကျောက်ဖြူ မြို့နယ်များအပြင်၊ အခြားပြည်နယ်နှင့်တိုင်းဒေသကြီးရှိ မြို့နယ်များတွင် ရေးဆွဲနိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးနိုင်ရန် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

အထက်တွင် ဖော်ပြထားသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ငွေကြေးအထောက်အကူများမရရှိပါက စီမံချက်စာအုပ်သည် အောင်အောင်မြင်မြင် ထွက်ပေါ်လာနိုင်မည် မဟုတ်ကြောင်းနှင့် ထိုကဲ့သို့သော အကူအညီများအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း ထပ်မံဖော်ပြအပ်ပါသည်။

International Organization for Migration – IOM

UN Migration Agency

# စစ်တွေမြို့နယ် သဘာ၀ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီ၏ အမှာစာ

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေ မြို့နယ်သည် ပထဝီအနေအထားအရ သော်လည်းကောင်း၊ ရာသီဥတု နှင့်သဘာ၀ ပတ်ဝန်းကျင် အရသော်လည်းကောင်း ဆိုင်ကလုန်းမုန်တိုင်းဘေး၊ မုန်တိုင်းဒီရေလှိုင်းဘေး၊ မီးဘေး၊ ရေကြီးခြင်းဘေး (မိုးများခြင်းနှင့် ပင်လယ်ဒီရေတက်ခြင်း) စသည့် ဘေးအမျိုးမျိုးကျရောက်နိုင်ခြေရှိသော မြို့နယ်တစ်ခုဖြစ်ပါသည်။

၁၉၈၆ခုနှစ် မေလတွင် ကျရောက်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဒဏ်၊ ၂၀၁၀ခုနှစ် ဆိုင်ကလုန်း ဂီရိနှင့် ၂၀၁၅ခုနှစ် ဆိုင်ကလုန်း ကိုမန်တို့ကြောင့် ကြုံတွေ့ခဲ့ရသော ဘေးဖြစ်စဉ်များကို သင်ခန်းစာယူဆန်းစစ်လေ့လာပြီး ကြိုတင်ဆောင် ရွက်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ မြို့နယ်သဘာ၀ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် International Organization for Migration (IOM) (ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း)တို့ ပူးပေါင်းပြီး ၂၀၁၇ ခုနှစ်တွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကိုရေးဆွဲပြီး လွှဲပြောင်း ပေးအပ်ခဲ့ပါသည်။

ယခုအခါစစ်တွေ မြို့နယ်သည်ထိခိုက်ဆုံးရှုံးနိုင်ခြေအဖြစ်များသော ဆိုင်ကလုန်းမုန်တိုင်း (၁နာရီ မိုင် ၅၀-၁၀၀) ကြောင့် မုန်တိုင်းဒီရေလှိုင်းနှင့်ဒီရေတက်ခြင်း ဖြစ်စဉ်ဖြစ်ရပ်ကို အခြေခံပြီး အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက် ရေးလုပ်ငန်းစီမံချက်ကိုရေးဆွဲခဲ့ပါသည်။ ထိုစီမံချက်ရေးဆွဲရာတွင် (အိုင်အိုအမ်) မှ နည်းပညာပိုင်းဆိုင်ရာများ၊ ငွေအင်အား၊ လူအင်အားများနှင့် စီမံချက်ရေးဆွဲနိုင်ရေးအတွက် ထဲထဲဝင်ဝင်ပါဝင် ဆောင်ရွက်ပြီး မြို့နယ်အရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး ကော်မတီဝင်များနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ အချိန်ယူပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် စီမံချက်ကို အောင်မြင်စွာရေးဆွဲနိုင်ခဲ့ပါသည်။

ဤစီမံချက်ကို ရေးဆွဲထားခြင်းဖြင့် သဘာ၀ဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှု များကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့ အစည်းများ၊ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းများနှင့် အခြားသော အကျိုးတူပူးပေါင်းနိုင်သော သာသနာ့ဝန်ထမ်း များ၊ လူမှုဂရုဏာ အဖွဲ့အစည်းများအား ကြိုတင်ဖော်ထုတ်ပေါင်းစပ်ထားခြင်းနှင့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ် များကို ရေးဆွဲထားခြင်းဖြင့် ဘေးအန္တရာယ်ကျရောက်လာပါက စနစ်ကျသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ခဲ့သော မြို့နယ်သဘာ၀ဘေး အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာကော်မတီဝင်များ၊ နည်းပညာရှင်များနှင့် ကျွမ်းကျင်မှုများပံ့ပိုးပေးခဲ့သော International Organization for Migration - IOM (ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း) နှင့် အချက်အလက်ကောက်ယူရာတွင် လိုအပ်သော ကူညီမှုပေးခဲ့သော ပါဝင်ပတ်သက်သူများအားလုံးနှင့် ငွေကြေးပံ့ပိုးမှု ပေးထားသော USAID-OFDA ကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဥက္ကဌ
(ဦးမျိုးသိုက်ထွန်း၊ပ။၄၂၆၄)
မြို့နယ်သဘာ၀ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ
စစ်တွေမြို့

# အခန်း (၁) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရခြင်းရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်

## ၁. ၁ နောက်ခံသမိုင်းကြောင်း

ပြည်ထောင်စုမြန်မာနိုင်ငံသည် အမျိုးမျိုးသော သဘာဝဘေးအန္တရာယ်များဖြစ်သော မီးဘေး၊ တောမီးဘေး၊ မြေငလျင်၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်းဒီရေ၊ ဆူနာမီ၊ မြေပြိုခြင်း၊ ရေကြီးခြင်းနှင့် မိုးခေါင်ရေရှားခြင်း ဘေးများကို မကြာခဏ ခံစားရသော နိုင်ငံဖြစ်သည်။ နိုင်ငံအား သဘာဝဘေးအန္တရာယ်များမှ ဘေးဒဏ်ခံနိုင်စွမ်းကို တိုးမြှင့်စေရန်အတွက် အဖွဲ့အစည်းစနစ်ဆိုင်ရာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည်။ မြန်မာနိုင်ငံတွင် အဖွဲ့အစည်းဆိုင်ရာစနစ်ကို တည်ထောင်ထားရှိရန် လမ်းညွှန်ချက်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေနှင့် နည်းဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ထိုအဖွဲ့အစည်း ဆိုင်ရာစနစ်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေးကော်မတီများနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်ကို နိုင်ငံတော်အဆင့်၊ ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့်ကျေးရွာအုပ်စု အဆင့်တို့တွင် ရေးဆွဲထားရန်လမ်းညွှန်ထားသည်။

အစိုးရဌာနဆိုင်ရာများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲဆိုင်ရာ လုပ်ငန်းအများစုမှာ ဘေးကျရောက်စဉ်အခြေအနေ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်ပြီး လုပ်ငန်းစဉ်များကိုတိကျ သေချာစွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင် ရည်များမှာ လိုအပ်မှု၊ အားနည်းမှုများ ရှိသည်ကိုတွေ့ရသည်။ အရေးပေါ်တုံ့ပြန်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို အချိန် တိုအတွင်း ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရန် အရေးပေါ်ကာလကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှု ဆိုင်ရာကဏ္ဍများအတွက် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ ကြိုတင်ဆွေးနွေးဖော်ထုတ်ထားရန် လိုအပ် သည်။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် ရပ်ရွာလူထုများအတွက် ဘေးဒဏ်ခံနိုင်စွမ်းကိုတိုးမြှင့်ပေးရန် မြို့နယ် အစိုးရဌာနဆိုင်ရာများအတွက် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက် ( Emergency Response Contingency Plan) ကိုဆွေးနွေးဖော်ထုတ်ရေးဆွဲခြင်းနှင့် အရေးပေါ်တုံ့ပြန်နိုင်မှုဆိုင်ရာအသိပညာမြှင့်တင်ပေးခြင်း သည်အဓိကကျသောလုပ်ငန်းတစ်ခုဖြစ်သည်။ ဤသို့လုပ်ဆောင်ပေးခြင်းဖြင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့်သေဆုံးမှုများကို လျှော့ချပေးနိုင်သည်သာမက မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းများနှင့်အခြားသော အကျိုးတူပူးပေါင်းနိုင်သော သာသနာ့ ဝန်ထမ်းများ၊ လူမှုဂုဏ်ရှိအဖွဲ့အစည်းများအား ကြိုတင်ဖော်ထုတ်ပေါင်းစပ်ထားခြင်းနှင့် စံသတ်မှတ်ထားသော လုပ်ငန်းစဉ်များကိုရေးဆွဲထားခြင်းဖြင့် စနစ်ကျသော အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု လုပ်ငန်းစဉ်များကို အကောင် အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## ၁. ၂ ရည်မှန်းချက်များ

အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲခြင်း၏ ရည်မှန်းချက်များမှာ -

- အဓိကအစိုးရဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာစွမ်းဆောင် ရည်မြှင့်တင်ပေးရန်။
- ရှိထားနှင့်ပြီးသော အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှုစွမ်းဆောင်ရည် (ပစ္စည်းကိရိယာနှင့် လူသားအရင်း အမြစ်) ကိုဖော်ထုတ်ရန်နှင့် မြို့နယ်အတွင်းရှိ ထိခိုက်ခံရလွယ်လူထုအတွက် တုံ့ပြန်ဆောင်ရွက်မှု အရင်းအမြစ် လိုအပ်ချက် ဖော်ထုတ်ရန်။

- အရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်မှုစံသတ်မှတ်ထားရှိသော လုပ်ထုံးလုပ်နည်းများ ဖော်ထုတ်ရန်။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး (ဖော်ထုတ်ထားသော ထိခိုက်ခံရလွယ်ဦးရေ)အတွက် ကဏ္ဍအသီးသီးအလိုက် လိုအပ်ချက်နှင့် ကွာဟချက်များကို ဖော်ထုတ်ရန်။
- အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်မှု စံညွှန်းများအတွက် ကဏ္ဍအလိုက်ချိတ်ဆက်မှုများ(အထက်-အောက်၊ ဘေးတိုက်)ကို ဖော်ထုတ်ရန် တို့ဖြစ်သည်။

## ၁. ၃ အကျိုးရလဒ်များ

- အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ အသိပညာနှင့် စွမ်းရည်တိုးလာခြင်း။
- မြို့နယ်၏ရှိထားနှင့်ပြီးသော အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်မှုစွမ်းဆောင်ရည် ပစ္စည်းကိရိယာနှင့် (လူသားအရင်းအမြစ်) လေ့လာဆန်းစစ်ချက် နှင့် ထိခိုက်ခံရလွယ်လူထုအတွက် တုံ့ပြန်ဆောင်ရွက်မှု အရင်းအမြစ် လိုအပ်ချက် နှင့် ကွာခြားချက်များ ကြိုတင်ဖော်ထုတ်နိုင်ခြင်း။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် စံသတ်မှတ်ထားသော လုပ်ငန်းစဉ် ဖော်ဆောင်ခြင်း။
- အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်မှုကဏ္ဍအသီးသီးအတွက်အဓိကဦးဆောင်မည့်ဌာန၊အကျိုးတူပူးပေါင်းမည့် အဖွဲ့အစည်းများနှင့် ပါဝင်ဆောင်ရွက်သူများ ထွက်ပေါ်လာခြင်း။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် စားပွဲဝိုင်းလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် စီမံချက်ကို သက်ဝင်လှုပ်ရှားမှု ရှိအောင် ဖော်ဆောင်နိုင်ခြင်း
- အန္တရာယ်အမျိုးအစားဖြစ်စဉ်ဖြစ်ရပ်အခြေပြု အရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ကို မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီသို့လွှဲပြောင်းပေးအပ်ခြင်းတို့ဖြစ်သည်။

## ၁. ၄ လုပ်ငန်းစဉ်

- မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများနှင့် ရှိထားနှင့်ပြီးသော အရေးပေါ်တုံ့ပြန်မှု အရင်းအမြစ်လေ့လာခြင်းကို ပြည်နယ်နှင့်မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများအတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှု သင်တန်းများ ပြုလုပ်ပေးခြင်း။
- အခြေအနေဖြစ်စဉ်ပေါ်အခြေခံသောဘေးအန္တရာယ်ကြောင့်ထိခိုက်ခံရလွယ်သူများအတွက် အရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်မှု ပြုလုပ်နိုင်ရန် အဓိက ဘေးအန္တရာယ်ကို ရှာဖွေဖော်ထုတ်ခြင်း။
- အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဒေသနှင့် ကိုက်ညီသော စံသတ်မှတ်ထားသော လုပ်ငန်းစဉ် ဖော်ထုတ်ခြင်း။
- အရေးပေါ် အခြေအနေတုံ့ပြန်ဆောင်ရွက်မှု အရင်းအမြစ် လိုအပ်ချက်နှင့် ကွာဟချက်များကို ဖော်ထုတ်ခြင်း။
- အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် အဖွဲ့အစည်းများကိုဖော်ထုတ်ခြင်း။
- အရေးပေါ် အခြေအနေ တုံ့ပြန်ဆောင်ရွက်မှု အကူအညီ (မိုဘိုင်းအပလီကေးရှင်း၊ တက်ဘလက်၊ သဘာဝဘေးလျော့ပါးရေး ဆိုင်ရာအသိပညာပေးသေတ္တာ၊ ကြိုတင်သတိပေးရေး ပစ္စည်းကိရိယာများ) ထောက်ပံ့ပေးခြင်း။
- ဆက်နွယ်ပတ်သက်သူ အားလုံးပါဝင်သောစားပွဲဝိုင်းလေ့ကျင့်ခန်းများ ပြုလုပ်ကာ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ကို စတင်လုပ်ဆောင်ခြင်း။

- အတည်ပြုထားသော အရေးပေါ် အခြေအနေတုံ့ပြန် ဆောင်ရွက်ရေးစီမံချက်ကို စာအုပ်ထုတ်ဝေပေးအပ်ခြင်းတို့ ဖြစ်သည်။

# အခန်း (၂) စစ်တွေမြို့နယ် ဘေးအန္တရာယ်သက်ရောက်နိုင်ခြေနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ ထိခိုက်ခံရလွယ်မှု ဆန်းစစ်ချက်

စစ်တွေမြို့နယ်သည် ပထဝီအနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထားတို့ကြောင့် ဘေးအန္တရာယ် အမျိုးမျိုးဖြစ်သော ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်းဘေး၊ လေဆင်နှာမောင်းဘေးနှင့် မီးဘေးစသည်တို့ကျရောက်နိုင်ခြေများသည်။ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်တွင် သက်ရောက်နိုင်ခြေရှိသော ဘေးအမျိုးမျိုးအတွက် ထိခိုက်ဆုံးရှုံးနိုင်ခြေ ဆန်းစစ်အကဲဖြတ်ချက်နှင့် လေ့လာဆန်းစစ်မှု ရလဒ်ကို အသေးစိတ် ဖော်ထုတ်ထားသည်။ အရေးပေါ်ကာလ တုံ့ပြန်ဆောင်ရွက်ရာတွင် စစ်တွေမြို့နယ်အတွက် ယခင်သမိုင်းကြောင်းနှင့် ပထဝီအနေအထားအရ သက်ရောက်နိုင်ခြေများသော ဆိုင်ကလုန်းဘေးဖြစ်စဉ်ကို အခြေခံပြီးဆိုင်ကလုန်းမုန်တိုင်း လေတိုက်ခတ်နှုန်း ၁နာရီလျှင်မိုင် (၅၀နှင့်၁၀၀အကြား) ကြောင့် ဖြစ်ပေါ်သော ဆိုင်ကလုန်းမုန်တိုင်းဖြစ်စဉ်ဖြစ်ရပ်ကို အခြေပြုကာစီမံချက်ကို ဆွေးနွေးဖော်ထုတ်ထားသည်။

## ၂. ၁ ဆိုင်ကလုန်မုန်တိုင်း (ဆိုင်ကလုန်းမုန်တိုင်းလေတိုက်ခတ်နှုန်း ၁နာရီ မိုင် ၅၀ နှင့် ၁၀၀ အကြား ဖြစ်စဉ်)

ဆိုင်ကလုန်မုန်တိုင်းဘေးသည် သဘာဝအရဖြစ်ပေါ်သော ဘေးအမျိုးအစားဖြစ်ပြီး ဒေသအတွင်းမြစ်များ၊ ချောင်းများနှင့် ထိစပ်လျှက်ရှိခြင်းကြောင့်လည်းကောင်း အဓိကအရေးကြီးသော အချက်(၂)ချက်ဖြစ်သော မိုးရွာသွန်းခြင်းနှင့် မြေမျက်နှာသွင်ပြင်၊ ဒီရေမြင့်ချိန်တွင် ပင်လယ်ရေမျက်နှာပြင် မြင့်လာခြင်းစသည့်အချက် များကြောင့် ဖြစ်ပွားမှုများပြားသည်။ စစ်တွေမြို့နယ်သည် ဘင်္ဂလားပင်လယ်အော်နှင့်ထိစပ်နေသဖြင့် မုန်တိုင်းလေတိုက်နှုန်းများမှာ ပြင်းထန်ကာ မုန်တိုင်းကြောင့် ဖြစ်ပေါ်လာသော ဒီရေလှိုင်းများမှာ ကမ်းခြေသို့ဝင်ရောက်ကာရေကြီးနစ်မြုပ်မှုတို့ကို ဖြစ်စေနိုင်ပါသည်။ မုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်း မြစ်ရေများကြီးလာခြင်းကြောင့် ပင်လယ်ကမ်းရိုးတန်းနှင့်နီးသော ကျေးရွာ၊ ရပ်ကွက်နှင့် စခန်းများတွင် နှစ်စဉ် မုန်တိုင်းနှင့်အတူ ရေကြီးရေလျှံခြင်းတို့ကိုဖြစ်ပေါ်စေပါသည်။ မုန်တိုင်းအန္တရာယ် သက်ရောက်နိုင်ခြေကို မြေပုံများဖြင့် ဖော်ပြသည်။

စစ်တွေမြို့နယ်သည် ဘေးအမျိုးမျိုးကျရောက်နိုင်ခြေများပြီး၊ မုန်တိုင်းဘေးမှာ ဖြစ်တန်စွမ်း အကြိမ်အရေအတွက်အားဖြင့်လည်းကောင်း၊ ဆိုးကျိုးဖြစ်ပွားနိုင်ခြေများအားဖြင့်လည်းကောင်း ပိုမိုများပြားသည်ကိုတွေ့ရသည်။ စစ်တွေမြို့နယ်သည် မိုးရာသီမိုးများစွာ ရွာသွန်းခြင်းနှင့် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ခြင်းကြောင့် မိုးရွာသွန်းမှုမြင့်တက်လျှင်ပင် ရေကြီးနိုင်သည်။ စစ်တွေမြို့သည် ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်လျှက်ရှိသောကြောင့် ဆိုင်ကလုန်းမုန်တိုင်းဘေးဖြစ်ပွားလျှင် မုန်တိုင်းနှင့်အတူ ဒီရေကြီးခြင်းများဖြစ်ပေါ်လျက်ရှိပါသည်။ စစ်တွေမြို့နယ်တွင်မုန်တိုင်းဒီရေ အနည်းဆုံး ၃ ပေ ကျော်မှ ၁၀ ပေခန့်အထိ ရေလွှမ်းမိုးနိုင်ပါသည်ဟု အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး စီမံချက်ရေးဆွဲရေး အဖွဲ့ဝင်များမှ ဆွေးနွေးထားသည်။ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ စီမံချက်ရေးဆွဲရေး လုပ်ငန်းအဖွဲ့ဝင် ဌာနဆိုင်ရာများမှ ပေါင်းစပ်မှုဖြင့် ဆိုင်ကလုန်းဘေး ၁ နာရီ (မိုင် ၅၀ နှင့် ၁၀၀ ကြား) သက်ရောက်နိုင်ခြေပြမြေပုံနှင့် ထိခိုက်ခံရလွယ်မှုမြေပုံတို့ကို ပုံ (၁) နှင့်(၂)တို့တွင် ဖော်ပြထားသည်။

ပုံ (၁) စစ်တွေမြို့နယ် ဆိုင်ကလုန်းဘေးအန္တရာယ် သက်ရောက်နိုင်ခြေပြမြေပုံ (၁ နာရီ မိုင် ၅၀ နှင့် ၁၀၀ ကြား)



## ၂.၂ ထိခိုက်ခံရလွယ်မှု

### ၂.၂.၁ ဆိုင်ကလုန်း လေတိုက်ခတ်နှုန်း ၁နာရီ မိုင် (၅၀ နှင့် ၁၀၀ အကြား)

ထိခိုက်ခံရလွယ်မှုသည် လူတစ်ဦး (သို့) ရပ်ရွာလူထုတစ်ခုလုံး၏ ဘေးအန္တရာယ်အပေါ် ဖြေရှင်းနိုင်သည့်စွမ်းရည်နှင့် ဆက်စပ်လျက်ရှိပါသည်။ ထိခိုက်ခံရလွယ်မှု၏ ဆန်းစစ်အကဲဖြတ်ချက်တွင် အုပ်စုလိုက် (သို့) တစ်ဦးချင်း၏ ထိခိုက်လွယ်မှုပမာဏ အတိုင်းအတာအားထည့်သွင်းစဉ်းစားပြီးလုပ်ဆောင်ခြင်းဖြစ်သည်။ ထိခိုက်ခံရလွယ်သူများဆိုသည်မှာ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ မြင့်မားသည့်နေရာ ဒေသများတွင်နေထိုင်သူများ၊ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ မကျန်းမာသူများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များကို ဆိုသည်။

လေတိုက်နှုန်းတစ်နာရီမိုင် ၅၀နှင့်၁၀၀အကြား ဖြစ်စဉ်တွင် အိမ်အများစုကို ထိခိုက်ပျက်စီးစေနိုင်ပြီး လူအားလုံးကို ထိခိုက်စေနိုင်သည်။ လေတိုက်နှုန်းတစ်နာရီ မိုင် ၅၀ နှင့် ၁၀၀ အကြားရှိသော ဆိုင်ကလုန်းမုန်တိုင်းတွင် လေတိုက်နှုန်း တစ်ခုတည်းကပင် ဆိုးရွားစွာပျက်စီးမှုကို ဖြစ်ပေါ်စေနိုင်သောကြောင့်ကုန်ထုတ်လုပ်မှု ကဏ္ဍထိခိုက်နိုင်မှုမှာလည်း သိသာစွာမြင့်တက်နိုင်သည်။ မုန်တိုင်းဒီရေနှင့် ပေါင်းစပ်မိပါက ကုန်ထုတ်လုပ်မှု ကဏ္ဍအများစုကိုအများဆုံး ထိခိုက်ပျက်စီးဆုံးရှုံးစေနိုင်သည်။

အထူးသဖြင့် အမြင့်ပိုင်းဒေသများနှင့် ရှုတ်ချည်းနိမ့်ဆင်းသွားသော ဆင်ခြေလျှောအနိမ့်ပိုင်းများ ဒေသများရှိ သဘာဝပတ်ဝန်းကျင်များ (ဒီရေတောနှင့်သစ်တော) တို့တွင် အန္တရာယ်ထိခိုက်ခံရလွယ်မှုမှာ ပိုမိုမြင့်တက်နိုင်သည်။

လေ့လာဆန်းစစ်ချက်မှုရလဒ်အရ ဆိုင်ကလုန်းအန္တရာယ်လေတိုက်ခတ်နှုန်းသည် ၁နာရီလျှင်မိုင် (၅၀ နှင့် ၁၀၀) အကြား တိုက်ခတ်ပါက အန္တရာယ်ပြင်းအား သက်ရောက်နိုင်မှုအခြေအနေမှာ အလယ်အလတ်နှင့် အမြင့်ဆုံးတွင် ရှိသည်။ လေတိုက်ခတ်နှုန်း ၁နာရီလျှင် မိုင် (၅၀ နှင့် ၁၀၀ အကြား) တိုက်ခတ်ပါက မြေမျက်နှာပြင်အားလုံးကို သက်ရောက်နိုင်၍ အန္တရာယ်သက်ရောက်လွှမ်းမိုးမှု အဆင့်မှာ အမြင့်ဆုံးအဆင့်တွင်ရှိသည်။ မြေမျက်နှာသွင်ပြင် အနေအထားအရ ရေလွှမ်းမိုးမှုအမြင့်မှာ (၃ ပေ ကျော်မှ ၁၀ ပေခန့်အထိ) ရှိနိုင်သည်။

ဇယား (၁) အန္တရာယ်အမျိုးအစားအလိုက် ထိခိုက်ခံရလွယ်မှုအဆင့်

| စဉ် | အန္တရာယ်နှင့် ဖြစ်စဉ် | လူမှုရေး အတိုင်းအတာ | ရုပ်ဝတ္ထုပိုင်း အတိုင်းအတာ | စီးပွားရေး ဆုံးရှုံး မှုအတိုင်း အတာ | သဘာဝပတ် ဝန်းကျင် အတိုင်းအ တာ | ထိခိုက်လွယ်မှု အခြေအနေ |
|---|---|---|---|---|---|---|
| ၁ | ဆိုင်ကလုန်း မုန်တိုင်းဘေး - လေတိုက်မှုနှုန်း- ၁နာရီ မိုင် ၅၀မှ ၁၀၀ ကြား | အလယ်အလတ် | အလယ်အလတ် | အမြင့် | အနိမ့်ဆုံး | အမြင့်ဆုံး၊ အလယ်အလတ် |

ပုံ (၂) စစ်တွေမြို့နယ် ဆိုင်ကလုန်းဘေးအန္တရာယ် ထိခိုက်ခံရလွယ်မှုပြမြေပုံ (၁ နာရီ မိုင် ၅၀ - ၁၀၀ ကြား)



## ၂.၂.၂ စစ်တွေမြို့နယ်တွင် ဆိုင်ကလုန်မုန်တိုင်းဘေး (ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း) ဖြစ်စဉ် ထိခိုက်ခံရလွယ်သော ကျေးရွာစာရင်း (Vulnerable Population)

စစ်တွေမြို့နယ်သည် ရပ်ကွက် (၃၃)ခု၊ ကျေးရွာအုပ်စု(၂၇)အုပ်စု၊ ကျေးရွာပေါင်း (၈၈) ခုဖြင့် ဖွဲ့စည်းထားပြီး ကယ်ဆယ်ရေးစခန်း (၁၄) ခုလည်း ဖွင့်လှစ်ထားပါသည်။ နေထိုင်သူ လူဦးရေ စုစုပေါင်း ( ၂၄၀၂၄၀ )ဦး နေထိုင်သည်။ စစ်တွေမြို့နယ်သည် ပထဝီဝင်အနေအထားအရ ဘင်္ဂလားပင်လယ်အော်နှင့် ထိစပ်လျက်ရှိသော ကြောင့် ဆိုင်ကလုန်းမုန်တိုင်း ကျရောက်နိုင်ခြေများပါသည်။ အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေး စီမံချက် ရေးဆွဲရေးလုပ်ငန်းအဖွဲ့ဝင်များက စစ်တွေမြို့နယ်တွင် ယခင်ဖြစ်ပွားခဲ့သော ဘေးကျရောက်မှုအခြေအနေ၊ ထိခိုက် ပျက်စီးဆုံးရှုံးမှုဖြစ်စဉ်၊ ဒေသတွင်း ဆောက်လုပ်ထားသော အိမ်ခြေများ၏ ဘေးဒဏ်ခံနိုင်မှုစသည့် အတွေ့အကြုံများ နှင့် ဒေသန္တရဆိုင်ရာကျွမ်းကျင်အဆင့် အသိပညာများအပေါ်အခြေခံကာ အောက်တွင် ဖော်ပြထားသော ကျေးရွာ များကို ဆိုင်ကလုန်းဘေး (၁နာရီ မိုင် ၅၀နှင့် ၁၀၀ အကြား) မုန်တိုင်းဒီရေသက်ရောက်မှုကြောင့် ထိခိုက်ခံရ လွယ်သော ကျေးရွာများအဖြစ် ဖော်ထုတ်ထားသည်။

## ၂.၂.၃ စစ်တွေမြို့နယ် အရေးပေါ်ကာလရွှေ့ပြောင်းနေရာချထားရန်ခိုလှုံရာနေရာ ဖော်ထုတ်ထားရှိမှု

ဆိုင်ကလုန်းမုန်တိုင်းဘေး (ဆိုင်ကလုန်းမုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်း) အရေးပေါ်အခြေအနေတုံ့ပြန် ဆောင်ရွက်ရေးလုပ်ငန်းစဉ်အတွက် ဦးစားပေး တုံ့ပြန်ဆောင်ရွက်ရန် ထိခိုက်ခံရလွယ်သော ကျေးရွာနှင့်သက်ရောက် နိုင်သော လူဦးရေကို မြို့နယ်အဆင့် ဖော်ထုတ်ထားရာ ကျေးရွာ ၁၃ ရွာမှ စုစုပေါင်း (၂၂၀၆၀) ဦး၊ ရပ်ကွက် (၉) ရပ်ကွက်မှ စုစုပေါင်းလူဦးရေ (၂၆၀၅၆)နှင့် ကယ်ဆယ်ရေးစခန်း (၇)ခုမှ စုစုပေါင်းလူဦးရေ (၂၅၁၈၅)ဦး ရှိပြီး အသေးစိတ်စာရင်းကို အောက်တွင် ဖော်ပြထားသည်။

စစ်တွေမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပြည်သူများအတွက်ခိုလှုံရာနေရာများကို ကြိုတင်ဖော် ထုတ်သတ်မှတ်ထားပြီး အရေးပေါ်ကာလ ရွှေ့ပြောင်းခိုလှုံရာ အခြေအနေပြမြေပုံကို ပုံ(၃) နှင့် အသေးစိတ်စာရင်း ကို နောက်ဆက်တွဲ(၂)၊ (၃) (၄) တွင်ဖော်ပြထားသည်။ ထို့အပြင် ဆိုင်ကလုန်း (၁ နာရီမိုင် ၅၀ နှင့် ၁၀၀ အကြား တိုက်ခတ်မှုကြောင့်) ရေကြီးခြင်းဘေးအပြင်၊ ဆိုင်ကလုန်းမုန်တိုင်း ဖြတ်ကျော်ဝင်ရောက်လျှင်လည်းကောင်း၊ ကျေးရွာ အုပ်စု အလိုက်လူဦးရေနှင့် ခိုလှုံရာနေရာ လိုအပ်မှုပြမြေပုံကို ပုံ(၄)တွင် ဖော်ပြထားသည်။

ဇယား (၂) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီ မိုင် (၅၀ နှင့် ၁၀၀အကြား) တိုက်ခတ်မှုကြောင့် ထိခိုက်ခံရလွယ်သော ကျေးရွာများစာရင်း (Vulnerable Population)

| စဉ် | ကျေးရွာအုပ်စု အမည် | ကျေးရွာအမည် | လူဦးရေ | ဘေးအန္တ ရာယ်အဆင့် | ဘေးကျရောက် နိုင်ခြေရှိသော အိမ်ထောင်စု | ဘေးကျ ရောက်နိုင် ခြေရှိ သော လူဦးရေ |
|---|---|---|---|---|---|---|
| ၁ | ဝါဘို | ဝါဘို | ၁၅၆၅ | အမြင့်ဆုံး | ၈၈ | ၁၂၅၂ |
| ၂ | ကျေးတော | ကျေးတော (ရွာမ)<br>ပိုက်ဆိပ် | ၄၆၂၂ | အမြင့်ဆုံး | ၁၁၅ | ၃၆၉၇ |
| ၃ | ချောင်းနွယ် | ချောင်းနွယ်<br>ဇော်မတတ်<br>ကန်ပြင်ရွာသစ်<br>သုံးဆောင် | ၂၅၈၅ | အမြင့်ဆုံး | ၁၁၃ | ၂၀၆၈ |

| | | | | | | |
|---|---|---|---|---|---|---|
| | | ကန်ပြင်ရွာဟောင်း | | | | |
| ၄ | မြစ်နား | မြစ်နား<br>မင်းလှ | ၁၁၉၂ | အမြင့်ဆုံး | ၂၁၄ | ၉၅၄ |
| ၅ | ဂန့်ကော်ကျွန်း | ဂန့်ကော်ကျွန်း | ၂၁၈၂ | အမြင့်ဆုံး | ၁၀၇ | ၁၇၄၅ |
| ၆ | အမြင့်ကျွန်း | အမြင့်ကျွန်း | ၂၂၇၃ | အမြင့်ဆုံး | ၁၆၇ | ၁၈၁၈ |
| ၇ | ပါတလိတ် | ပါတလိတ် | ၂၄၈၅ | အမြင့်ဆုံး | ၁၅၈ | ၁၉၈၈ |
| ၈ | အောင်ဒိုင် | အောင်ဒိုင် ပလဟာပြင်<br>(ရခိုင်) | ၂၂၇၈ | အမြင့်ဆုံး | ၄၀၉ | ၁၈၂၂ |
| ၉ | ညိုရောင်ချောင်း | ညိုရောင်ချောင်း | ၆၆၇ | အမြင့်ဆုံး | ၃၃ | ၅၃၄ |
| ၁၀ | ကျက်တောပြင် | အုန်းရေပေါ် | ၁၂၁၂ | အမြင့်ဆုံး | ၃၀၅ | ၉၆၇ |
| ၁၁ | ချီလိုင်ဖင်း | ချီလိုင်ဖင်း | ၇၆၉ | အမြင့်ဆုံး | ၇၆၉ | ၆၁၅ |
| ၁၂ | ခတင်ပိုက် | ရေချမ်းပြင် | ၁၈၉၇ | အမြင့်ဆုံး | ၃၁၁ | ၁၅၁၇ |
| ၁၃ | ကြို့တဲ | ကြို့တဲ<br>ပိုက်ဆိပ်ကြီး<br>ပိုက်ဆိပ်ချေ<br>ကျောက်တန်းကြီး | ၃၈၅၄ | အမြင့်ဆုံး | ၃၇၁ | ၃၀၈၃ |
| | **စုစုပေါင်း** | | | | | ၂၂၀၆၀ |

ဇယား (၃) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီ မိုင် (၅၀နှင့် ၁၀၀ အကြား) တိုက်ခတ်မှုကြောင့်ထိခိုက်ခံရလွယ်သော မြို့ပေါ်ရပ်ကွက်စာရင်း **(Vulnerable Population)**

| စဉ် | စစ်တွေမြို့ပေါ်ရပ်ကွက်များ | လူဦးရေ | ဘေးအန္တရာယ် အဆင့် | ဘေးကျရောက်နိုင်ခြေရှိသော အိမ်ထောင်စု | ဘေးကျရောက်နိုင်ခြေရှိသော လူဦးရေ |
|---|---|---|---|---|---|
| ၁ | ရွှေပြား | ၁၄၁၃ | အမြင့်ဆုံး | ၂၈၂ | ၇၀၇ |
| ၂ | ဆင်ကူးလမ်း | ၄၉၅၈ | အမြင့်ဆုံး | ၉၁၉ | ၂၄၇၉ |
| ၃ | လမ်းမတော်(မြောက်) | ၄၅၉၃ | အမြင့်ဆုံး | ၆၂၁ | ၁၆၉၅ |
| ၄ | လမ်းမတော်(တောင်) | ၃၃၈၉ | အမြင့်ဆုံး | ၁၈၉၆ | ၂၂၉၇ |
| ၅ | မိဇ္ဈ | ၂၉၀၃ | အမြင့်ဆုံး | ၁၃၅၅ | ၁၄၅၁ |
| ၆ | ဆတ်ရိုးကျ | ၁၅၄၄၄ | အမြင့်ဆုံး | ၃၁၀ | ၇၇၂၂ |
| ၇ | အနောက်စံပြ | ၁၂၁၂၀ | အမြင့်ဆုံး | | ၆၀၆၀ |
| ၈ | အုန်းတပင် | ၆၃၇၁ | အမြင့်ဆုံး | | ၃၁၈၆ |
| ၉ | အိုးတန်း | ၉၂၁ | အမြင့်ဆုံး | ၁၈၈ | ၄၆၀ |
| | **စုစုပေါင်း** | | | | **၂၆၀၅၆** |

ဇယား (၄) ဆိုင်ကလုန်းမုန်တိုင်းဘေး ၁နာရီ မိုင် (၅၀ နှင့်၁၀၀ အကြား) တိုက်ခတ်မှုကြောင့်ထိခိုက်ခံရလွယ်သော ကယ်ဆယ်ရေးစခန်းစာရင်း **(Vulnerable Population)**

| စဉ် | စစ်တွေမြို့နယ်ရှိ ကယ်ဆယ်ရေးစခန်းများ | လူဦးရေ | ဘေးအန္တရာယ် အဆင့် | ဘေးကျရောက်နိုင်ခြေ ရှိသော အိမ်ထောင်စု | ဘေးကျရောက်နိုင်ခြေ ရှိသော လူဦးရေ |
|---|---|---|---|---|---|
| ၁ | သဲချောင်း | ၁၂၄၃၈ | အမြင့်ဆုံး | ၇၆၇ | ၅၃၆၇ |
| ၂ | အုန်းတောကြီး (တောင်) | ၁၁၄၂၅ | အမြင့်ဆုံး | ၈၂၇ | ၅၇၈၉ |
| ၃ | ဒါးပိုင် | ၁၀၈၇၆ | အမြင့်ဆုံး | ၇၈၀ | ၅၄၆၀ |
| ၄ | အုန်းတောကြီး (မြောက်) | ၉၁၅၆ | အမြင့်ဆုံး | ၅၅၄ | ၃၈၇၄ |
| ၅ | ခေါင်းဒုတ္တာ | ၄၀၃၇ | အမြင့်ဆုံး | ၂၀၇ | ၁၄၅၁ |
| ၆ | အုန်းတောချေ | ၃၃၃၇ | အမြင့်ဆုံး | ၃၁၀ | ၂၁၆၆ |
| ၇ | ဘာဆာရာ | ၂၁၅၇ | အမြင့်ဆုံး | ၁၅၄ | ၁၀၇၈ |
| | **စုစုပေါင်း** | | | | **၂၅၁၈၅** |

## ပုံ (၃) စစ်တွေမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ပြောင်းရွှေ့နေရာချထားရန်နှင့် ခိုလှုံရာနေရာများ အခြေအနေ




Data Source: မြေပုံ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD)

ခိုလှုံရာနေရာ - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM)

# ပုံ (၄) စစ်တွေမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ထိခိုက်ခံရလွယ်မှုများသော ကျေးရွာများနှင့် ခိုလှုံရာနေရာ လိုအပ်မှုပြ မြေပုံ




Data Source: မြေပုံ - မြန်မာသတင်းအချက်အလက် စီမံခန့်ခွဲမှုယူနစ် (MIMU) နှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD)
ခိုလှုံရာနေရာ - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန (DDM)

## အခန်း (၃) အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကဏ္ဍအသီးသီး ဖွဲ့စည်းပုံ

စစ်တွေမြို့နယ်အတွက် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီနှင့် လုပ်ငန်းများဖော်ဆောင်ရန် ဆပ်ကော်မတီ အသီးသီးကိုဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲမှုလုပ်ငန်းတာဝန်သတ်မှတ်ချက်များအား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်တွင် ဘေးအန္တရာယ်မကျရောက်မီကြိုတင်ပြင်ဆင်ခြင်းမှသည် ဘေးအန္တရာယ်ကျရောက်နေစဉ်တုံ့ပြန်ဆောင်ရွက်ခြင်းနှင့်ဘေးအန္တရာယ် ကျရောက်ပြီးပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်နှင့် မြို့နယ်၏ သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်များကို ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်နိုင်ရန် အကျုံးဝင်သောစီမံချက်ကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီမှနှစ်စဉ်နှစ်တိုင်းရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းစီမံချက်တွင် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရာတွင် ဖော်ဆောင်ရမည့် ကဏ္ဍအသီးသီးရှိ လုပ်ငန်းများအတွက် ချိတ်ဆက်ထားရှိမှုနှင့် စံသတ်မှတ်ထားသော လုပ်ငန်းများကို မြို့နယ်အတွင်းရှိ သက်ဆိုင်ရာဌာနများအပြင်အခြားသော လူမှုရေးအသင်းအဖွဲ့များအတွက်ပါ ထည့်သွင်းစဉ်းစားထားသည်။

## ၃.၁ စစ်တွေမြို့နယ် အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက် အခန်းကဏ္ဍအလိုက် ဖွဲ့စည်းပုံ

အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်တွင် ကြိုတင်သတိပေးချက်ရသည့်အချိန်မှ အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရာတွင် ပြုလုပ်ရမည့်ကဏ္ဍများကို သက်ဆိုင်ရာဌာနများနှင့် ဖော်ထုတ်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး လုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ကဏ္ဍ (၇ခု)အတွက် ဖွဲ့စည်းပုံ၊ ချိတ်ဆက်မှုပြပုံစံ၊ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်ထားရှိမှုကို ဆွေးနွေးဖော်ထုတ်ထားသည်။

- ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ
- ကြိုတင်သတိပေးချက်ကဏ္ဍ
- ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ
- ခိုလှုံရာနေရာ စီမံခန့်ခွဲရေးကဏ္ဍ
- ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ
- ထောက်ပံ့ပို့ဆောင်ရေးနှင့်လမ်းကြောင်းရှင်းလင်းရေးကဏ္ဍ
- ကနဦးလိုအပ်ချက်နှင့် ပျက်စီးဆုံးရှုံးမှုစာရင်းကောက်ယူရေးကဏ္ဍ

## ၃.၂ စစ်တွေမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ

စစ်တွေမြို့နယ်တွင် သဘာဝဘေးအန္တရာယ်အရေးပေါ်သတင်းရရှိသည်မှသည် တုံ့ပြန်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သော ပေါင်းစပ်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် မြို့နယ်အတွင်းရှိ ဌာနအကြီးအကဲများ ပါဝင်သောလုပ်ငန်းအဖွဲ့ကို အောက်ဖော်ပြပါအတိုင်း အသစ်ဖွဲ့စည်းထားသည်။ ထိုသက်ဆိုင်ရာ ဌာနများမှတဆင့် မြို့နယ်အတွင်းရှိ မှတ်ပုံတင်ရေးအဆင့်ဆင့်တွင်ဖွဲ့စည်းထားသော အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည့်အဖွဲ့အစည်းများအပြင် မြို့နယ်အတွင်းရှိ ဌာနအသီးသီးနှင့် ခရိုင်၊ ပြည်နယ်နှင့် ကျေးရွာများအထိ အထက်အောက်ချိတ်ဆက်ရာတွင် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သွားမည်ဖြစ်သည်။

## ၃. ၂. ၁ စစ်တွေမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဌ |
| ၂ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃ | ဦးစီးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | ဦးစီးမှူး | မြို့နယ်ဆည်မြောင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | လက်ထောက်ဦးစီးမှူး | မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | မြို့နယ်အင်ဂျင်နီယာ | မြို့နယ်လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးစီးမှူး | မြို့နယ်သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးစီးမှူး | မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | အမှုဆောင်အရာရှိ | မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ၁၀ | မြို့နယ်တာဝန်ခံ | မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁ | မြို့နယ်အင်ဂျင်နီယာ | မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၁၂ | ဒု ဦးစီးမှူး | မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃ | ဦးစီးမှူး | မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄ | လူမှုရေးအသင်းအဖွဲ့ဝင်များ | | အဖွဲ့ဝင် |
| ၁၅ | ဦးစီးမှူး | မြို့နယ်မီးသတ်ဦးဌာန | အဖွဲ့ဝင် |
| ၁၆ | ဦးစီးမှူး | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန | အတွင်းရေးမှူး |

## ၃. ၂. ၂ စစ်တွေမြို့နယ် ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍ ချိတ်ဆက်မှုပြပုံစံ




## ၃. ၂. ၃ ပေါင်းစပ်ညှိနှိုင်းမှုကဏ္ဍလုပ်ငန်းစဉ်နှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနများချိတ်ဆက်မှု ပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာန |
|---|---|---|
| ၁ | အရေးပေါ်အစည်းအဝေးခေါ်ယူခြင်း။ | မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်း ကော်မတီ၊ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မိတ်ဖက် အဖွဲ့အစည်းများ၊ ကြက်ခြေနီ၊ CBO/ CSO၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ရခိုင်သဟာယ အသင်း |

| | | |
|---|---|---|
| ၂ | မြို့နယ်အထွေအထွေအုပ်ချုပ်ရေးမှူးရုံးတွင် ဒေသကွပ်ကဲရေးရုံး ဖွင့်လှစ်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ပညာရေးမှူးရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း |
| ၃ | UN/INGOများ၊လူမှုရေးအဖွဲ့အစည်းများစသည့် အလှူရှင်များမှစားနပ်ရိက္ခာများ၊ အဝတ်အထည် များရရှိနိုင်ရန် ရှာဖွေတောင်းခံခြင်း | မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ တပ်မတော်၊ မြို့နယ်ရဲတပ်ဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ UNOCHA ၊ မြန်မာကျန်းမာရေးအသင်း (MHAA) |
| ၄ | ရရှိလာသောစားနပ်ရိက္ခာ၊အဝတ်အထည်များအား ဖြန့်ဖြူးနိုင်ရန်သက်ဆိုင်ရာဆပ်ကော်မတီဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ တပ်မတော်၊ မြို့နယ်ရဲတပ်ဖွဲ့။ |
| ၅ | ခိုလှုံရာနေရာများသို့ စနစ်တကျပြောင်းရွှေ့နိုင်ရန်လမ်းညွှန်ပေးခြင်း။ | မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ (ဥက္ကဌ) |
| ၆ | ကူးစက်ရောဂါနှင့်ပက်သက်သောလုပ်ငန်းစဉ်များကိုဆောင်ရွက်ရန် လမ်းညွှန်မှုပေးခြင်း။ | ကျန်းမာရေး ဦးစီးဌာန |
| ၇ | စက်လှေ၊ ဘုတ်၊ ကား၊ ယာဉ်များရရှိနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ရေးကော်မတီ၊ UN/INGO ၊ ပုဂ္ဂလိက လုပ်ငန်းရှင်၊ |

## ၃. ၃ စစ်တွေမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ

စစ်တွေမြို့နယ်သည် လေဖိအားနည်းရပ်ဝန်းအဆင့်တွင်ပင် မိုးများစွာရွာသွန်းခြင်းကြောင့် မုန်တိုင်းဒီရေတက်ရောက်ခြင်းနှင့် ဆိုင်ကလုန်းမုန်တိုင်းဘေးဖြစ်ပေါ်နိုင်ခြင်းကြောင့် ပြည်သူများ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန်၊ ခိုလှုံရာနေရာသို့ အချိန်မီရွှေ့ပြောင်းနိုင်ရန်စသည့် လုပ်ငန်းစဉ်များနှင့် အရေးပေါ်အခြေအနေလိုအပ်သော သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ရန်ကြိုတင်အသိပေးချက် ကဏ္ဍအတွက် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၃. ၁ စစ်တွေမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်ဦးစီးမှူး | မြို့နယ်ပြန်ဆက်ဦးစီးဌာန | ဥက္ကဌ |
| ၂ | ဒု ဦးစီး | မြို့နယ်အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | တာဝန်ခံ | မြို့နယ်ဆက်သွယ်ရေး၊ကြေးနန်း၊ စာတိုက်၊ တယ်လီဖုန်းဦးစီးဌာန | အဖွဲ့ဝင် |
| ၄ | စခန်းမှူး | မြို့မရဲစခန်း | အဖွဲ့ဝင် |
| ၅ | အုပ်ချုပ်ရေးမှူး | သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၆ | ဒု ရဲမှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ (သတင်းတပ်ဖွဲ့) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၇ | ဒု ဦးစီး | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးစီးအရာရှိ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၀ | ဒု ဦးစီး | မြို့နယ်စည်ပင် | အဖွဲ့ဝင် |
| ၁၁ | ဦးစီးမှူး | မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၂ | ဒု ဦးစီး | မိုးလေဝသဇလဗေဒ ဦးစီးဌာန | အတွင်းရေးမှူး |

### ၃. ၃. ၂ စစ်တွေမြို့နယ် ကြိုတင်သတိပေးချက်ကဏ္ဍ ချိတ်ဆက်မှုပုံစံ



### ၃. ၃. ၃ ကြိုတင်သတိပေးချက်ကဏ္ဍ လုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာနများ ချိတ်ဆက်ခြင်း ပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာန |
|---|---|---|
| ၁ | မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှကနေဦးသတင်း ထုတ်ပြန်ကြေငြာခြင်း | ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားရေးဦးစီး ဌာန၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန |
| ၂ | အရေးပေါ်အခြေနေတွင် ကြိုတင်သတိပေးချက်နှင့် လမ်းညွှန်ချက်များထုတ်ပြန်ခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊မြို့နယ်ကြက်ခြေနီ၊ရပ်ကျေး အုပ်စုအုပ်ချုပ်ရေးမှူး။ |
| ၃ | သက်ဆိုင်ရာဌာနဆိုင်ရာမှ လော်စပီကာများဖြင့်ရပ် ကွက်/ကျေးရွာများသို့လိုက်လံသတိပေးခြင်း၊လက်ကမ်း စာစောင်၊ နံရံကပ်ပိုစတာများဖြင့် ဖြန့်ဝေပေးခြင်း | ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန |
| ၄ | ကျေးရွာများ၌သတိပေးအချက်ပြအလံများစိုက်ထူခြင်း | မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ရပ်ကျေး အုပ်စုအုပ်ချုပ်ရေးမှူး။ |
| ၅ | မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မ တီဝင်များနှင့် အရေးပေါ်အစည်း အဝေးပြုလုပ်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြိုတင် အသိပေးရေးလုပ်ငန်းကော်မတီဝင်များ |
| ၆ | ကျေးရွာဒေသအလိုက်ဌာနဆိုင်ရာအသီးသီးအားတာဝ န်ခွဲဝေသတ်မှတ်ခြင်းနှင့် ခိုလှုံရာနေရာများအား ပြည်သူ များသိရှိရန်ဆောင်ရွက်ပေးခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီး သတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီ၊ ရပ်ကျေးအုပ်စု အုပ်ချုပ်ရေးမှူး၊ ကြိုတင်အသိပေးရေးလုပ်ငန်း ကော် မတီဝင်များ |

## ၃. ၄ စစ်တွေမြို့နယ် ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးကဏ္ဍ

ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးကဏ္ဍအတွက် စစ်တွေမြို့နယ်တွင် ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းထားရုံသာမက ဘေးအန္တရာယ် အမျိုးမျိုးအတွက် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဒေသတွင်းရှိ စေတနာ့ဝန်ထမ်းလူငယ်များ၊ လူမှုရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသောသူများနှင့် အရံမီးသတ်၊ ကျေးရွာရှိ လူငယ်ကြက်ခြေနီများပါဝင်သောအရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့ (Rapid Response Team) ဖွဲ့စည်းထားရန် အကြံပြုပြီး ရှာဖွေကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများစီမံဆောင်ရွက်ရန် အောက်တွင်ဖော်ပြထားသော ဌာနများဖြင့် ဖွဲ့စည်းထားသည်။

### ၃. ၄. ၁ စစ်တွေမြို့နယ် ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | မှတ်ချက် |
|---|---|---|---|
| ၁ | မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | မြို့နယ်ရဲတပ်ဖွဲ့မှူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃ | ဦးစီးအရာရှိ | ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၄ | မြို့နယ်ကျန်းမာရေးဦးစီးမှူး | မြို့နယ်ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | တပ်ရင်းမှူး | မြို့နယ်ကြက်ခြေနီ | အဖွဲ့ဝင် |
| ၆ | လက်ထောက်ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၇ | ဦးစီးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | ဦးစီးမှူး | မြို့နယ်မီးသတ်ဦးစီးဌာန | အတွင်းရေးမှူး |

### ၃. ၄. ၂ စစ်တွေမြို့နယ် ရှာဖွေကယ်ဆယ်ရေးနှင့်လုံခြုံရေးကဏ္ဍ ချိတ်ဆက်မှုပုံစံ




### ၃. ၄. ၃ ရှာဖွေကယ်ဆယ်ရေးနှင့် လုံခြုံရေးကဏ္ဍလုပ်ငန်းစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနများ ချိတ်ဆက်မှု ပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာန |
|---|---|---|
| ၁ | အရေးပေါ်ကယ်ဆယ်ရေးနှင့်ပတ်သတ်ပြီးလေ့ကျင့်သင်တန်းပို့ချခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ၊ အရံမီးသတ် တပ်ဖွဲ့၊ရပ်ကျေးအုပ်ချုပ်ရေးမှူး |

| | | |
|---|---|---|
| ၂ | အရေးပေါ်တုန့်ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအားလုပ်ဆောင်နိုင်ရန်ကော်မတီများ ဖွဲ့စည်းထားရှိခြင်း (ကျေးရွာ၊ ရပ်ကွက်အဆင့်) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး |
| ၃ | အရေးပေါ်သတင်းရရှိပါကဖွဲ့စည်းပုံအင်အားအတိုင်းလုံခြုံရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများအားဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့။ |
| ၄ | ဒဏ်ရာရလူနာများအားအခြားဆေးခန်းသို့ပို့ဆောင်ပေးခြင်း | မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီ၊ ကျန်းမာရေးဦးစီးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ လူမှုရေးအဖွဲ့အစည်းများ |
| ၅ | ပျောက်ဆုံးလူများအားရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ခြင်း | မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး၊ ကြက်ခြေနီတပ်ဖွဲ့ |
| ၆ | ရှာဖွေကယ်ဆယ်ရေးပြုလုပ်နေစဉ်ဘေးအန္တရာယ်မဖြစ်စေရေးအတွက် လုံခြုံရေးတာဝန်ယူဆောင်ရွက်ခြင်း | မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်ကြက်ခြေနီ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ |
| ၇ | ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရန်မြို့နယ်မှမီးသတ်ဦးစီးဌာနနှင့်မလုံလောက်သဖြင့်ပြည်နယ်၊ခရိုင်များသို့တောင်းခံထားရှိခြင်း | မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| ၈ | မြို့နယ်မီးသတ်အဖွဲ့၊အရံမီးသတ်တပ်ဖွဲ့၊ကျေးရွာအရံမီးသတ်တပ်ဖွဲ့များ နှင့်ပေါင်းစပ်ထားရှိခြင်း | မြို့နယ်မီးသတ်ဦးစီးဌာန |

## ၃. ၅ စစ်တွေမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ

စစ်တွေမြို့နယ်တွင်ဆိုင်ကလုန်းမုန်တိုင်းကြောင့်ဘေးသင့်ပြည်သူများခိုလှုံရာနေရာများသို့ ပြောင်းရွှေ့ခိုလှုံစဉ်ကာလ ခိုလှုံရာနေရာအသီးသီးတွင် စီမံခန့်ခွဲရမည့် လုပ်ငန်းစဉ်များဖြစ်သော စားရေရိက္ခာဖြန့်ဖြူးခြင်း၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းအောင်ပြုလုပ်ခြင်း၊ နောက်ဆက်တွဲ ကပ်ဘေးဆိုးများ မဖြစ်ပွားအောင် အသိပညာပေးခြင်း၊ ထိခိုက်ခံရလွယ်အုပ်စုများကို အကာအကွယ်ပေးခြင်း၊ ယာယီခိုလှုံရာနေရာများနှင့် ယာယီစာသင်ကျောင်းများအတွက် စီမံခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်း၊ စသည့်လုပ်ငန်းများ ပံ့ပိုးနိုင်ရန် ခိုလှုံရာနေရာ စီမံခန့်ခွဲရေးအတွက် အောက်ဖော်ပြပါလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းထားသည်။

### ၃. ၅. ၁ စစ်တွေမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ဖွဲ့စည်းပုံ

| စဉ် | ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| ၁ | မြို့နယ်ဦးစီးမှူး | မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | ဥက္ကဌ |
| ၂ | မြို့နယ်ဦးစီးမှူး | သာသနာရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးမှူး | အခြေခံပညာရေး ဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၄ | မြို့နယ်ဦးစီးမှူး | မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၅ | မြို့နယ်ဦးစီးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးမှူး | မြို့နယ်ကျန်းမာရေး | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးမှူး | မြို့နယ်မီးသတ် ဦးစီးဌာန | အဖွဲ့ဝင် |
| ၈ | မြို့နယ်ဦးစီးမှူး | ကျေးလက်ဦးစီးဌာန | အဖွဲ့ဝင် |
| ၉ | မြို့နယ်ဦးစီးမှူး | မြို့နယ်အားကစား | အဖွဲ့ဝင် |
| ၁၀ | ဥက္ကဋ္ဌ | ဘက ဘုန်းတော်ကြီးကျောင်း | အဖွဲ့ဝင် |
| ၁၁ | မြို့နယ်ဦးစီးမှူး | မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| ၁၂ | မြို့နယ်ဦးစီးမှူး | သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃ | မြို့နယ်ဦးစီးမှူး | လျှပ်စစ် ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄ | မြို့နယ်ဦးစီးမှူး | မြို့နယ်မြေစာရင်း ဦးစီးဌာန | အဖွဲ့ဝင် |
| ၁၅ | မြို့နယ်ဦးစီးမှူး | ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဦးစီးဌာန | အတွင်းရေးမှူး |

## ၃. ၅. ၂ စစ်တွေမြို့နယ် ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍ ချိတ်ဆက်မှု ပုံစံ



## ၃. ၅. ၃ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကဏ္ဍနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ ချိတ်ဆက်မှုပြဇယား

| စဉ် | လုပ်ငန်းစဉ် | အကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာန |
|---|---|---|
| ၁ | ဘေးအန္တရာယ်မကျရောက်မီ ခိုလှုံရာနေရာအားဆန်းစစ်ဖော်ထုတ်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး |
| ၂ | နေရာဒေသအလိုက်လူဦးရေအပေါ်မူတည်ပြီးခိုလှုံရာနေရာများအားခွဲဝေသတ်မှတ်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခိုလှုံရာနေရာစီမံခန့်ခွဲရေးကော်မတီ |
| ၃ | နာမကျန်းသူများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအား ဦးစားပေးဆောင်ရွက်ခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန |
| ၄ | အိမ်ထောင်စုအလိုက် ကျား၊မလူဦးရေစာရင်းကောက်ယူခြင်း၊ ရရှိသောစာရင်းများအားသတင်းအချက်အလက်ပြခုဖော်ပြထားခြင်း။ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန |
| ၅ | နေရာထိုင်ခင်းများအားစီစဉ်ဆောင်ရွက်ပေးခြင်းနှင့် အိမ်သာ၊ရေနှင့်မီးများအားစနစ်တကျပြုလုပ်ပေးခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်၊ ကျေးလက်ဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်ကျေးလက်လမ်းဦးစီးဌာန။ |
| ၆ | ထောက်ပံ့ပို့ဆောင်ရေးအဖွဲ့နှင့်ပူးပေါင်းပြီးစားနပ်ရိက္ခာများအား စနစ်တကျဖြန့်ဝေခြင်း | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီ တပ်ဖွဲ့၊ မြို့နယ်ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပရဟိတအသင်း၊ လူမှုရေးအဖွဲ့များ။ |
